မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✱ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✱ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၃ ရက်)

ပညာရှိများကို ဆည်းကပ်၊ ကြိုးစားအားထုတ်မှုဖြင့် ရည်မှန်းချက်ကို ဖော်ဆောင်

ကြီးပွားတိုးတက်လိုသူတိုင်းသည် မိမိအောင်မြင်ပြီးမြောက်လိုသောလုပ်ငန်း၊ ရောက်ရှိလိုသောခရီးအတွက် ရည်မှန်းချက်ပန်းတိုင်ထားရှိ ဆောင်ရွက်လေ့ရှိကြသည်။ အဆိုပါရည်မှန်းချက်ပန်းတိုင်ရောက်ရှိရန် အလုပ်လုပ်ကြရမည်ဖြစ်သည်။ အလုပ်ဟုဆိုရာတွင် ရိုးရိုးကျင့် မြင့်မြင့်ကြံ၍ ကောင်းသောအလုပ်ကို လုပ်ကိုင်ကြခြင်းကို ဆိုလိုသည်။

ထိုသို့ လုပ်ကိုင်ရာတွင် မိမိတစ်ဦးတစ်ယောက်တည်း၏ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် မရသော် ပညာရှိသူကို ဆည်းကပ်၍ အသိပညာ၊ အတတ်ပညာများကို ရယူမှတ်သားကြရသည်။

''အလုပ်ဟူသမျှ ဂုဏ်ရှိစွ''ဆိုစကားအရ မည်သည့်အလုပ်ကိုမဆို ရိုးရိုးသားသားနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် မိမိကိုယ်ကို ဂုဏ်မြင့်စေသည်။ လူ၏ဂုဏ်ကိုမြင့်ခြင်း၊ နိမ့်ခြင်းသည် မိမိ၏ ဆောင်ရွက်ချက်ပေါ်တွင်သာမူတည်ပြီး မိမိ၏အရိပ်သည် နောက်မှထက်ကြပ်မကွာ လိုက်နေမည်ပင်ဖြစ်သည်။

ကိုယ်ပိုင်အလုပ်ကို လုပ်သည်ဖြစ်စေ၊ အစိုးရအမှုထမ်းအလုပ်ကို လုပ်သည်ဖြစ်စေ အလုပ်တာဝန်ကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ခြင်းသည် လူ၏ တန်ဖိုးကိုသာမက လူ၏ဂုဏ်ကိုပါ မြင့်တက်စေသည်။

အလုပ်ကိုပေါ့ပေါ့ဆဆနှင့် ညံ့ဖျင်းစွာဆောင်ရွက်ခြင်းသည် လူကိုညံ့ဖျင်းစေသည်။ မိမိ၏တန်ဖိုးသည်လည်း သေးသိမ်ညံ့ဖျင်းသွားစေသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုလျော့နည်းပြီး အချိန်တိုင်း၊ နေရာတိုင်း လျင်မြန်သွက်လက်မှုမရှိ လေးလံထိုင်းမှိုင်းနေတတ်ခြင်းသည် တိုးတက်မှုအတွက် နောက်ကျကျန်ရစ်စေသည်။ တန်ဖိုးလည်း ယုတ်လျော့လာစေသည်။

မိမိ၏အကျိုး၊ အများအကျိုး၊ တိုင်းပြည်၏အကျိုးကို လုပ်ကိုင်ခြင်းသည် ကောင်းသောမင်္ဂလာတစ်ပါးဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်ရာတွင် ပညာရှိသူ၏ အကြံအဉာဏ်၊ ဗဟုသုတသည် မိမိအတွက် များစွာ အထောက်အကူဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းသည် မိမိအကျိုး၊ တိုင်းပြည်အကျိုးကို ဖော်ဆောင်ရာတွင် ပညာရှိများထံ ဆည်းကပ်မှုမှရရှိသော အကြံဉာဏ်၊ ဗဟုသုတများနှင့်အတူ မိမိအကြံဉာဏ်၊ ဗဟုသုတများကိုပါ ပေါင်းစပ်၍ အပတ်တကုတ် ကြိုးစားအားထုတ်ပါက ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေရောက်ရှိမည်ဖြစ်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းစိန်မြို့နယ်၌ မီးသတ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၂

အင်းစိန်မြို့နယ် အရန်မီးသတ်သင်တန်းအမှတ်စဉ် (၄/၂၀၁၁)၊ သင်တန်းအမှတ်စဉ် (၅/၂၀၁၁)နှင့် သင်တန်းအမှတ်စဉ် (၆/၂၀၁၁)ဆင်းပွဲများကို မေ ၁၁ ရက် နံနက် ၈ နာရီက အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနရှေ့၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီးနောက်**(အောက်ပုံ)**သင်တန်း၌ ဆုရရှိသူများကို ချီးမြှင့်ပြီး သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်းကလည်းကောင်း၊ သင်တန်းဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုဆုလက်ဆောင်ကို မြို့နယ်ပညာရေးမှူး ဦးမြင့်စိန်ကလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်မီးသတ်ဂုဏ်ပြုတပ်ဖွဲ့အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်းက ငွေကျပ် တစ်သိန်း၊ ဦးအေးသိန်းက ငွေကျပ်တစ်သိန်း၊ စက်မှုဇုန်(၃+၄)ကော်မတီက ငွေကျပ် သုံးသောင်း၊ စိမ်းကမ္ဘာ ပီနံအိတ်လုပ်ငန်းရှင်က ငွေကျပ် သုံးသောင်း၊ စော်ဘွားကြီးကုန်းပွဲရုံက ငွေကျပ်ငါးသောင်း၊ မြို့နယ်နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ငွေကျပ် တစ်သိန်းအသီးသီးပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားများကို ဖော်ဆောင်ပေးအပ်ထားသည့်တာဝန်ကို ဦးလည်မသုန် ထမ်းရွက်

နေပြည်တော် မေ ၁၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသော စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ ပြည်သူများဘက်မှ ရပ်တည်ရမည်ဖြစ်သည့်အတွက် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ရှုထောင့်စုံမှ သုံးသပ်စစ်ဆေးဖော်ထုတ်ပြီး ထိမ်ချန်မှု၊ အဂတိလိုက်စားမှု၊ မျက်နှာလိုက်မှုမရှိဘဲ စစ်ဆေးတွေ့ရှိချက်များကို အမှန်အတိုင်း တင်ပြကြရန်၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ မိမိတို့၏ လက်ရှိတတ်သိနေသော အဆင့်ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိကြဘဲ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အစိုးရအဖွဲ့အစည်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရန် တည့်မတ်ထိန်းကျောင်းပေးပြီး နစ်နာမှု၊ အလွဲသုံးစားမှုများ ဖော်ထုတ်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဖော်ဆောင်ရန်၊ စစ်ဆေးရာတွင် စာရင်းစစ်စံများနှင့်အညီ လုံလောက်သော သတိသမ္ပဇဉ်ထား၍ စစ်ဆေးရေးလုပ်ငန်းများကို သတိဝီရိယရှိစွာ ဆောင်ရွက်ကြရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ အပ်နှင်းထားသောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် ခေတ်သစ်၊ စနစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် အဂတိလိုက်စားမှု ကင်းစင်ပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ကြရန်တို့ကိုလည်း တိုက်တွန်းပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)



အင်္ဂပူမြို့နယ် ကံသာယာလမ်းနှင့် ကံ့ကော်လမ်းဆုံတွင် အလှမီးဆိုင်းတပ်ဆင်ခြင်းလုပ်ငန်းကို မေ ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲထွန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တာချီလိတ်ခရိုင် တာလေမြို့၌ သဘာဝဘေးအန္တရာယ်များအကြောင်း ဆွေးနွေး

တာလေ မေ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် မင်္ဂလာမြန်မာအဖွဲ့က ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများအား အသိပညာများ တိုးတက်လာစေရန် ရည်ရွယ်၍ မေ ၅ ရက်က တာလေမြို့တွင် ဆရာ ဆရာမများနှင့် သူနာပြုများအား ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းနှင့် မိုးခေါင်ခြင်း အန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ ဆရာ ဆရာမများနှင့် သူနာပြုများသည် ရပ်ရွာပြည်သူများထံ ပြန်လည်ဆွေးနွေးပို့ချသွားမည်ဖြစ်၍ ရပ်ရွာပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းဆောင်သစ် ပူတာအိုမြို့နယ်၌ဖွင့်

ပူတာအို မေ ၁၂

ပူတာအိုမြို့နယ် ပမ္မတီးအုပ်စု နမ်ရှယ်ကော့ကျေးရွာတွင် ကျောင်းဆောင်သစ်နှင့် ပေ အရှည် ၂၃၀ရှိ ကြိုးတံတားသစ်ဖွင့်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်၊ မြို့နယ်ပညာရေးမှူး ဦးအေးသောင်၊(UNDP) မန်နေဂျာ ဦးကျော်မိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆာရဲနိုက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua Hian Kong သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးညှိုခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံ

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kim Sok Chol သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးမီဒီယာကိစ္စများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုတွေ့ဆုံပွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မော်လမြိုင်မြို့ ယဉ်ကျေးမှုပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
- ၈:၁၀ ၈။ **ချစ်သောမြေ၊ ချစ်သောရေ**
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ **AFC President's Cup (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ရတနာပုံ (MYA) အသင်းနှင့် Yeedzin FC (BHU) အသင်း**
- ၅:၁၅ ၂။ တေးဂီတအစီအစဉ်
- ၅:၃၀ ၃။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
- ၆:၀၀ ၄။ ညနေခင်းသတင်း
- ၆:၁၅ ၅။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၆။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၂)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **လှုပ်တစ်ပြက်ဟာသများ**
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၆)
- ၁၃။ **သီချင်းချစ်သူ** (ဟက်ကက်)
- ၁၄။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ်ဦးမော်သန်းက "Building Trust Creativity & Innovativeness" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၂၉ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။ ဟောပြောပွဲ တက်ရောက်ရန်အတွက် မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ်၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူ များအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဇွန်တောင်ချောင်းကူး သာကေတတံတား ဖွင့်ပြမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့သို့ ဆက်သွယ်ထားသည့် ပုဇွန်တောင်ချောင်းကူး သာကေတတံတားအား မေ ၁၄ ရက်(စနေနေ့)မှ ၁၆ ရက်(တနင်္လာနေ့)အထိ သုံးရက် စက်မှုပိုင်းဆိုင်ရာ ပြုပြင်မည်ဖြစ်ရာ ဖော်ပြပါ နေ့ရက်များတွင် ပြည်သူများအနေဖြင့် မဟာဗန္ဓုလတံတားနှင့် သုဝဏ္ဏ တံတားတို့ကိုအသုံးပြု၍ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်များသို့ သွားလာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ပေါ်လွင်အောင် ထူးခြားဆန်းသစ်သည့် ပြကွက်များဖြင့် စိတ်ဝင်စားဖွယ်ပြသ

ရန်ကုန် မေ ၁၂

ပြတိုက်ခင်းကျင်းမှုကို နိုင်ငံနှင့်လူမျိုး၏ဂုဏ်ဒြပ် စွမ်းဆောင်နိုင်မှု၊ အဆင့်အတန်း မြင့်မားကြွယ်ဝသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပေါ်လွင်ထင်ရှားသိသာအောင် ထူးခြားဆန်းသစ်သည့် ပြကွက်များဖြင့် လာရောက်လေ့လာသူများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသနိုင်ရေးအတွက် အမြဲတမ်းတီထွင်ကြံဆ ဆောင်ရွက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မေ ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မေ ၈ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကိုလည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ခရုံဂူကိုလည်းကောင်း၊ မေ ၉ ရက်တွင် ဘားအံမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် ရှေးဟောင်းအမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ထားသည့် ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဆဒ္ဒန်ဂူ၊ ကော့ကသောင်ဂူ၊ ဘုရင်ညီနောင်ဂူနှင့် လုကဒေါင်ကျေးရွာရှိရှေးဟောင်းကုန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းအား သွားရောက်တွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကကြီးမှူး၍ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

တူဒေးစာအုပ်တိုက် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းကကြီးမှူး၍ လုပ်ငန်းခွင်တွင်း မန်နေဂျာအဆင့်ဆင့်နှင့် လူငယ်များအတွက် ရည်ရွယ်ကျင်းပမည့် ဟောပြောပွဲကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Chatrium Hotel၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ ဆရာအောင်သင်းက လူငယ်၊ အလုပ်နှင့် လွတ်လပ်မှုခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး KMD Computer Group နှင့် Smart Technical Services တို့က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့်ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃ နှင့် ၅၀၇၃၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

စပိန်၌ငလျင်လှုပ်၊ ၁၀ ဦးသေဆုံးပြီး လောကာမြို့တွင် အဆိုးရွားဆုံးပျက်စီး

လောကာ(စပိန်) မေ ၁၂

စပိန်နိုင်ငံအရှေ့တောင်ပိုင်း၌ မေ ၁၁ ရက်ညနေပိုင်းက ငလျင်နှစ်ကြိမ်လှုပ်ခဲ့သဖြင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးခဲ့ရကြောင်း မေ ၁၂ ရက်တွင် ၎င်းနိုင်ငံ၏မီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် လောကာမြို့အနီး ခုနစ်ကီလိုမီတာအကွာ၊ လီဗန်တေးမြို့အနောက်တောင်ဘက် ကီလိုမီတာ ၁၂၀ အကွာ မြေအောက်အနက် တစ်ကီလိုမီတာကိုဗဟိုပြုလျက် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံများပြိုကျခဲ့ကြောင်း အဆိုပါမီဒီယာများက ဖော်ပြသည်။ (အောက်ပုံ)

ပထမငလျင်သည် ၎င်းနေ့ညနေ ၅ နာရီကျော်တွင် လှုပ်ခဲ့ပြီး ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိခဲ့ကာ ရှစ်စက္ကန့်ကြာလှုပ်ခဲ့သည်။ ၎င်းငလျင်လှုပ်ပြီး နှစ်နာရီခန့်အကြာတွင် ရစ်ချ်တာစကေး ၅ ဒသမ ၃ ရှိ ငလျင်ထပ်မံလှုပ်ခဲ့သည်။ လောကာမြို့၌ ကားတန်းကြီးမှာလည်း တန်ပေါင်းများစွာသော အုတ်ကျိုးများအောက်တွင် ပိနေခဲ့သည်။

ထိခိုက်ဒဏ်ရာရမှု မည်မျှရှိသည်ကို ချက်ချင်းသတင်းမရသေးကြောင်း၊ သို့သော်လည်း ဒါဇင်နှင့်ချီ၍ရှိနိုင်ကြောင်း စပိန်မီဒီယာက ဖော်ပြသည်။

ပျက်စီး

ယင်းငလျင်လှုပ်မှုကြောင့် လောကာမြို့လယ်၌ ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှု ရစ်ချ်တာစကေး နည်းသော်လည်း ရှေးဟောင်းအဆောက်အအုံများရှိသော မြို့ဖြစ်၍ အပျက်အစီးများရခြင်း ဖြစ်ကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများ နေအိမ်သို့ မပြန်ရဲကြသေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက စပိန်ရေဒီယိုသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကော်ဖီကို နေ့စဉ်သောက်သုံးပါက ရင်သားကင်ဆာ ကာကွယ်နိုင်ဖွယ်ရှိ

စတော့ဟုမ်း မေ ၁၂

အမျိုးသမီးတို့အနေဖြင့် နေ့စဉ် ကော်ဖီသောက်သုံးပေးခြင်းကြောင့် ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနလေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြသည်။

ဖော်ပြထား

နေ့စဉ် ကော်ဖီငါးခွက်ထက် ပိုသောက်သည့် အမျိုးသမီး ၆၀၀၀ ခန့်တို့အား ရင်သားကင်ဆာနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် ၅၇ ရာခိုင်နှုန်းမှာ ရင်သားကင်ဆာဖြစ်ပွားမှုမရှိသည်ကို လေ့လာတွေ့ရှိရကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ ကာရိုလင်စကာတက္ကသိုလ်မှ သုတေသနသိပ္ပံပညာရှင်များ ရေးသားထားသောစာတမ်းကို ကိုးကားလျက် ကင်ဆာသုတေသနဂျာနယ်၌ ရေးသားဖော်ပြထားသည်။ သို့ရာတွင် ရင်သားကင်ဆာဖြစ်ပွားနေချိန် ကော်ဖီသောက်ခြင်းဖြင့် ရောဂါကိုကုစားနိုင်စွမ်းမရှိဟု ဆိုထားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

နိုင်ဂျီးရီးယားလေတပ်ဂျက်လေယာဉ် ပျက်ကျ

လာဂို့စ် မေ ၁၂

နိုင်ဂျီးရီးယားလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်း မေ ၁၂ ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး အချိန်မီခုန်ထွက်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ ပျက်ကျခဲ့သည့် နေရာမှာ နိုင်ဂျီးရီးယားနိုင်ငံ ဘန်နူပြည်နယ် အရှေ့တောင်ပိုင်းတွင်ဖြစ်ကြောင်း၊ လေ့ကျင့်ပျံသန်းစဉ် မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယား သတင်းဌာနက မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဂျီအမ်ကားကုမ္ပဏီ ဒေါ်လာနှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်

တိုလီဒို မေ ၁၂

ဂျင်နရယ်မော်တော်ကားကုမ္ပဏီက အမေရိကန်နိုင်ငံ ပြည်နယ်ရှစ်ခုတွင် မော်တော်ကားငယ်များ ထုတ်လုပ်သည့် စက်ရုံတစ်ရုံအပါအဝင် စက်ရုံပေါင်း ၁၇ ရုံတွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံကာ မော်တော်ကားများ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအတွက် ကမ္ဘာတစ်ဝန်း၌ ၎င်းကုမ္ပဏီဝန်ထမ်းပေါင်း ၂၀၂၀၀၀ ခန့်အထိ ရှိလာမည်ဖြစ်ကြောင်း မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ယခုနှစ် ဧပြီလအတွင်း ကမ္ဘာ့ရေနံလိုအပ်ချက်မြင့်တက်ခဲ့

ဗီယင်နာ မေ ၁၂

ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က လစဉ်အလိုက် ထုတ်ပြန်သော ရေနံဈေးကွက်သတင်းအရ ကမ္ဘာ့ရေနံလိုအပ်မှုသည် ဧပြီလတွင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၈၈ ဒသမ ၀၈ သန်းအထိ မြင့်တက်ခဲ့ကြောင်း မေ ၁၂ ရက်က သတင်းထုတ်ပြန်သည်။ ယင်းပမာဏသည် မတ်လက ကမ္ဘာ့ရေနံလိုအပ်ချက်ထက် ရေနံစည်ပေါင်း ၁ ဒသမ ၄ သန်းကျော် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြသည်။

တူရကီ၌ မြို့သစ်နှစ်မြို့ တည်ဆောက်မည်

အစ္စတန်ဘူလ် မေ ၁၂

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့အနီးတွင် မြို့သစ်နှစ်မြို့ကို တည်ဆောက်ရန်စီစဉ်နေကြောင်း၊ ၎င်းမြို့သစ်တစ်မြို့တွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး လေဆိပ်တစ်ခု ပါဝင်တည်ဆောက်မည်ဖြစ်ကြောင်း၊ လာမည့် တစ်နှစ်အတွင်း ယင်းမြို့သစ်များကို စတင်တည်ဆောက်မည်ဖြစ်ကြောင်း တူရကီအစိုးရက မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

မေ ၁၂ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၇ ဒသမ ၇၇
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၂
၃။	ရွှေ	တစ်အောင်စ	၁၄၉၀ ဒသမ ၃၂
၄။	ငွေ	တစ်အောင်စ	၃၃ ဒသမ ၅၀
၅။	ကြေး	တစ်အောင်စ	၃ ဒသမ ၉၂
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

မေ ၁၂ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၆၉၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၂၈၀၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၅၈၆၀၀၀

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

စင်ကာပူသင်္ဘောကျင်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

စင်ကာပူ မေ ၁၂

စင်ကာပူသင်္ဘောကျင်းတစ်ခု၌ မေ ၁၂ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွား

အခင်းဖြစ်ပွားသည့်နေရာမှာ စင်ကာပူနိုင်ငံ ဘီနွိုင်လမ်းမကြီးအနီးရှိ သင်္ဘောကျင်း၌ ဖြစ်ပြီး မေ ၁၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က လုပ်ငန်းခွင်အတွင်း မတော်တဆဖြစ်ရပ်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ပေါက်ကွဲမှုကြောင့် သင်္ဘောကျင်းအဆောက်အအုံခေါင်မိုးပြိုကျခဲ့ကြောင်း **(ယာပုံ)**၊ ပေါက်ကွဲမှု မည်သို့ဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံပေါ်မှ အမျိုးသားတစ်ဦးခုန်ချသေဆုံး

ဒူဘိုင်း မေ ၁၂

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ရှိ ကမ္ဘာ့အမြင့်ဆုံး ခါလီဖာ မိုးပျံအဆောက်အအုံ**(ဝဲပုံ)** ပေါ်မှ မေ ၁၀ ရက်က အမျိုးသားတစ်ဦး ခုန်ချသေဆုံးခဲ့ကြောင်း ယူအေအီးမီဒီယာများက မေ ၁၁ ရက်၌ ဖော်ပြသည်။

အသက် ၂၀ခန့်ရှိ အဆိုပါအမျိုးသားသည် ၎င်းမိုးပျံအဆောက်အအုံ မြေပြင်မှ ၂၇၁၇ ပေ မြင့်သော ၁၄၇ ထပ်မှ ခုန်ချခဲ့ခြင်းဖြစ်ပြီး ၁၀၈ ထပ်၏အမိုး လေသာဆောင်ပေါ်သို့ကျကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

အတည်ပြု

မိုးပျံအဆောက်အအုံပိုင်ဆိုင်သည့် အီမာရာကုမ္ပဏီမှ တာဝန်ရှိသူက အဆိုပါဖြစ်ရပ်သည် မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း အထပ်ပေါင်း ၁၆၀ ရှိသည့် ကမ္ဘာ့အမြင့်ဆုံး မိုးပျံအဆောက်အအုံပေါ်မှ ခုန်ချသေဆုံးမှု ယခုဖြစ်ရပ်မှာ ပထမဆုံးပင်ဖြစ်သည်။ ၎င်းအမျိုးသားသည် အလုပ်ပိုင်ရှင်နှင့် စကားများပြီးနောက် ယခုကဲ့သို့ ခုန်ချသေဆုံးခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။ **(အင်တာနက်)**

13-5 (04).pmd 1 5/13/2011, 2:35 AM

ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်လမ်း ကတ္တရာခင်းမည်

နေပြည်တော် မေ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၉ ရက် နံနက် ၈ နာရီခွဲက ပြင်ဦးလွင်မြို့မှ ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင် ကားလမ်းသစ်တစ်လျှောက် ကတ္တရာခင်းရန်အတွက် လမ်းဘေးဝဲယာ ကျောက်များစုဆောင်းထားရှိမှု၊ ကျောက်များခင်းထားမှုနှင့် စက်ယန္တရားဖြင့် ကျိုင်းတောင်ကို အတက်အဆင်း ပြေပြစ်အောင် ဆောင်ရွက်မှုနှင့်လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

ထို့နောက် ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်ကားလမ်းတွင် စက်ယန္တရားများဖြင့် မတ်စောက်သည့် တောင်ကြောအား မြေသားများဖြတ်ထုတ်ခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များနှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့သည် မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ မေခလာခန်းမ၌ လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** ဂီရိမုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေမှုအခြေအနေ၊ နယ်စပ်ဖြတ်ကျော် သွားရောက်သူများအား ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် ၂၀၁၁ ခုနှစ်အတွင်း ဆောင်ရွက်လိုသည့် လူမှုရေး ဝန်ဆောင်မှုလုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့နေ့ ပုသိမ်မြို့၌ ကျင်းပ

ပုသိမ် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး (၆၅) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး**(ယာပုံ)**မီးသတ်စခန်းသန့်ရှင်းသာယာလှပရေး ပထမဆုရ ဖျာပုံမြို့နယ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ ဒုတိယဆုရ မအူပင်မြို့နယ် ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် တတိယဆုရ ပုသိမ်မြို့နယ် ဦးစီးအရာရှိ ဦးစိုးနိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူတို့က မီးသတ်စွမ်းရည်ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ရေကြည်မြို့နယ် မီးသတ်စခန်းအတွက် ငွေကျပ် သိန်း ၃၅၀ တန်ဖိုးရှိ မီးသတ်ယာဉ်နှင့် အဆောက်အအုံလှူဒါန်းသူ ဦးမောင်ကျော်-(ဒေါ်ချစ်)မိသားစု၊အသုတ်မြို့ မီးသတ်စခန်းအတွက် ငွေကျပ်၄၄သိန်းတန်ဖိုးရှိ အမြင့်တင်ရေစင်နှင့် ရေစက်အလှူရှင် ဦးမွန်ကျင်း-ဒေါ်သန်းသန်းငွေ (မိသားစု)၊ ၄၅ သိန်းတန်ဖိုးရှိ အမြင့်တင်ရေစင်နှင့် ရေစုပ်စက်အလှူရှင်တို့အားလည်းကောင်း၊ မအူပင်မြို့နယ် မီးသတ်စခန်းအတွက် ငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ အီးစူးဇူး မီးသတ်ယာဉ်အလှူရှင်ဧရာဝတီဘဏ်မိသားစု၊ ကြံခင်းမြို့နယ်မီးသတ်စခန်းအတွက် ငွေကျပ် ၁၂၉ သိန်းတန်ဖိုးရှိ မီးသတ်ယာဉ်အလှူရှင်တို့အား လည်းကောင်း၊ ပုသိမ်မြို့နယ် မီးသတ်စခန်း ရေသယ်ယာဉ်များ ပြုပြင်ရန် ငွေကျပ် ၂၇ သိန်းလှူဒါန်းသူ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ငွေကျပ်နှစ်သိန်းလှူဒါန်းသူ ဦးမြင့်အောင်-ဒေါ်သီသီစန်း(ဇမ္ဗူထွန်း)တို့အားလည်းကောင်း၊ မြန်အောင်မြို့နယ် မီးသတ်စခန်း၊ ဓနုဖြူမြို့နယ် မီးသတ်စခန်းများသို့ ဘက်စုံ ပံ့ပိုးလှူဒါန်းကြသူတို့အား လည်းကောင်း ဂုဏ်ပြုလွှာများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၇၇)**

ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး မကြာမီ အကြီးစားပြန်လည်ပြုပြင်မည်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးကို ပြုပြင်မှုမရှိသည်မှာ ကြာပြီဖြစ်သောကြောင့် အမိုးအကာ သွပ်ပြားများ၊ ရေတံလျှောက်များ၊ ရေဆင်းပိုက်များ၊ အုတ်နံရံနှင့်သံပန်း၊ သံတံခါးများ ပျက်စီးယိုယွင်းနေသဖြင့် မိုးရွာသွန်းချိန်တွင် သွပ်ပေါက်များမှ မိုးရေများ ကျဆင်းကာ ဈေးရောင်း၊ ဈေးဝယ်များ မိုးရေအောက်တွင် ရောင်းဝယ်နေရသည်။ ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မေ ၆ရက်က လာရောက်စစ်ဆေးခဲ့ကာ အကြီးစားပြန်လည်ပြုပြင်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်သဖြင့် မကြာမီကာလအတွင်း စတင်ပြုပြင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီဘဏ်ချေးငွေများ ထုတ်ချေးမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာလုပ်ငန်းရှင်များအတွက် ၂၀၁၁ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၇၃၆ သန်းကို ထုတ်ချေးသွားမည်ဖြစ်သည်။

ထုတ်ချေး

ထိုသို့ ထုတ်ချေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်လက်အောက်ရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ စပါးစိုက်ပျိုးချိန်အမီ ဘဏ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

ယင်းနှင့်ပတ်သက်၍ မေ၂ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က တာဝန်ရှိသူများအား ဆွေးနွေးမှာကြားရာ**(အပေါ်ပုံ)** တက်ရောက်လာကြသော တိုင်းဒေသကြီး တာဝန်ခံများ၊ တိုင်းဒေသကြီးမန်နေဂျာနှင့် မြို့နယ်မန်နေဂျာများက မြို့နယ်အလိုက် ငွေထုတ်ချေးပေးမည့် အစီအစဉ်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(၁၈၄)**

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကျောက်တန်း၌ကျင်းပ

ရန်ကုန် မေ ၁၂

၂၀၁၁ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကိုကျောက်တန်းမြို့ (မြို့မ) အလက ရွှေသံလွင်ခန်းမ၌ မေ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မို့မို့ခိုင်က ဖတ်ကြားပြီး ၂၀၁၀ ခုနှစ်အတွင်း ထူးချွန်သည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီ ရုပ်မြင်သံကြား

၁၃-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၇။ ဇာတ်လမ်းတို
- ၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၁၀။ အိုင်စီတီသုတ
- ၅:၀၀ ၁၁။ အားလုံးရဲ့တာဝန်
- ၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၁၀)
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ **ရွှေ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၇)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဒို့တာဝန်အရေး(၃)ပါး
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ စိုက်ပျိုးသုတ
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၁၄)
- ၂၉။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

မုံရွာမြို့ ကမ်းနားလမ်း(အောင်ဇေယျလမ်း) ဇေယျမဏ္ဍသုခကျောင်းမှ ဂေါက်ကွင်းထိပ်အထိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် အမှုဆောင်အရာရှိ ဦးစိုးညွှန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် အေးအတူပူအမျှ အတူတကွ စုစည်းယှက်နွယ်နေထိုင်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှု Peace and Stability သည် အဓိက အရေးကြီးဆုံးအချက်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နယ်စပ်ဒေသများတွင် သောင်းကျန်းသူများ ပေါ်ပေါက်ခဲ့သည့်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျကျန်ရစ်ခဲ့ကြရသည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၉ ခုနှစ် မေလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို စနစ်တကျ ဖွဲ့စည်း၍ ထိုမှဆက်လက်ပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ဝန်ကြီးဌာနတစ်ခုကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်များစွာ ရရှိနေပြီဖြစ်သည်။

နတလ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်း

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ပြန်လည်၍ ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁)ကို ဧပြီလ ၂၃ ရက်နေ့ နံနက် ၉ နာရီခွဲအချိန်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးသည် လက်ရှိ နိုင်ငံတော်အစိုးရအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့သစ်၌ ပြည်ထောင်စုအဆင့်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ရှိလာပြီဖြစ်သည့်အတွက် ယင်းဌာနများအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုကိုခံယူပြီး ညှိနှိုင်းပေါင်းစပ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ရည်ရွယ်ချက်များ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။
- (ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်။
- (ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်။
- (ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်။
- (င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသောဒေသများ

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲထားသော ပင်မစီမံကိန်းများနှင့်အညီ အောက်ပါဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

- (က) ကချင်အထူးဒေသ(၁)တွင် ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော်(မြို့နယ်မြောက်ခြမ်း)ရှိ အချို့ဒေသများ။
- (ခ) ကချင်အထူးဒေသ(၂)တွင် ကချင်ပြည်နယ်အတွင်းရှိ တနိုင်း၊ ကာမိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ အင်ဂျန်းယန်၊ မိုးမောက်၊ မန်စီ၊ ဗန်းမော်၊ ဝိုင်းမော်(မြို့နယ်တောင်ခြမ်း)။
- (ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကိုးကန့်ဒေသ၌ ကွမ်းလုံ၊ ကုန်းကြမ်း၊ လောက်ကိုင်၊ မုံးကိုး၊ မူဆယ်မြို့နယ်(အရှေ့ခြမ်း)။
- (ဃ) 'ဝ'ဒေသ၌ ဟိုပန်၊ မိုင်းမော၊ နားဖန်၊ ပန်ဝိုင်၊ မန်ဖန့်နှင့် ပန်ယန်းမြို့နယ်များ။
- (င) ရှမ်းဒေသ၌ သီပေါ(ဆင်ကြော့)၊ လားရှိုး(ဟိုခို)၊ နမ့်ခမ်းမြို့နယ်များ။
- (စ) ကချင်(အရှေ့မြောက်)ဒေသ၌ ကွတ်ခိုင်၊ ကောင်းခါးဒေသ။
- (ဆ) ပလောင်ဒေသ၌ နမ့်ဆန်၊ နမ္မတူမြို့နယ်များ။
- (ဇ) ပအိုဝ်းဒေသတွင်ဆီဆိုင်၊ တောင်ကြီး(ကျောက်တလုံးနှင့် ပတ်ဝန်းကျင်ဒေသ)၊ ပင်လောင်း၊ မောက်မယ်၊ ဟိုပုန်း၊ ညောင်ရွှေနှင့် မိုးနဲမြို့နယ်များ။
- (ဈ) ကယားပြည်နယ် ဖားဆောင်း၊ ဖယ်ခုံ၊ ရှားတော၊ ဒီမောဆို၊ ဖရူဆိုမြို့နယ် (မဲစဲ့နှင့် မဲစဲ့နမ်)။
- (ည) မော်ဖဒေသ မက်မန်းမြို့နယ်
- (ဋ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံဒေသ၌ ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းခတ်၊ တာချီလိတ်မြို့နယ်များ။
- (ဌ) မွန်ပြည်နယ်တွင် ကျိုက်မရော၊ သံဖြူဇရပ်၊ ရေးမြို့နယ်များ။
- (ဍ) ကရင်ပြည်နယ်တွင် ကြာအင်းဆိပ်ကြီး၊ မြိုင်ကြီးငူဒေသ၊ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်မြို့နယ်နှင့် သံတောင်မြို့နယ်။
- (ဎ) တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များ။
- (ဏ) ရခိုင်ပြည်နယ်တွင် မောင်တော၊ ဘူးသီးတောင်မြို့နယ်များ။
- (တ) ချင်းပြည်နယ်တွင် တီးတိန်၊ တွန်းဇံ၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်နှင့် မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်။
- (ထ) စစ်ကိုင်းတိုင်းဒေသကြီး ကဘော်ချိုင့်ဝှမ်းဒေသတွင် တမူးမြို့နယ်၊ ကလေးခရိုင်နှင့် မော်လိုက်ခရိုင်အပါအဝင်။
- (ဒ) နာဂဒေသတွင် ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များ။

ယင်းကဲ့သို့ ဒေသ(၁၈)ခု သတ်မှတ်ထားသော်လည်း လိုအပ်ချက်အရ ပေါ်ပေါက်လာသော ဒေသများ(ဥပမာ-၁၉၉၆ ခုနှစ်၌ MTA အဖွဲ့အကြွင်းမဲ့လက်နက်စွန့်သဖြင့် ဟိုမိန်း၊ မုံးထော်/မုံးထဒေသများလည်း)ရှိခဲ့သည်။ ယခုအသစ်ဖွဲ့စည်းပြီးဖြစ်သော နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင်များပါ စုံညီစွာ ပါဝင်လာပြီဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်မှာ ယခင်ကထက် ပိုမိုကြီးမားကျယ်ပြန့်လာမည့်သဘောပင်တည်း။

တွေ့ဖန်များတော့ ရင်းနှီး၊ မြင်ဖန်များတော့ချစ်ခင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၁)၌ နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားရာတွင် **"နယ်မြေဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် ဟိုတုန်းက အမှားများ၊ ဖြစ်ရပ်ဆိုးများအတွက် သင်ခန်းစာယူ သံဝေဂရသင့်ကြပြီဖြစ်ကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များ ပပျောက်သွားစေရန် ကုစားပေးနိုင်သည့် လုပ်ငန်းများမှာ ယနေ့ဖော်ဆောင်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြားဖြစ်နေသည့် ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမှာဖြစ်ကြောင်း၊ အပြန်အလှန်ကူးသန်းသွားလာ ဆက်သွယ်နိုင်အောင် လမ်း၊ တံတားများဖောက်လုပ်ပေးပြီး အချင်းချင်း အပြန်အလှန်ဆက်သွယ်ကူးသန်းသွားလာ ဆက်ဆံကြရာမှ တွေ့ဖန်များသည့်အခါ ရင်းနှီးလာမည်။ မြင်ဖန်များသည့်အခါ ချစ်ခင်လာမည်ဖြစ်ပါကြောင်း"** ထည့်သွင်းမိန့်ကြားခဲ့သည်။

မြင့်စိုး(နတလ)

လမ်းနှင့်တံတားသည် နိုင်ငံအင်အားဖြစ်သည်။ ယနေ့အချိန်အခါတွင် နှလုံးသားချင်း ဆက်သွယ်နေရုံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ အပြည့်အဝ တည်ဆောက်နိုင်မည်မဟုတ်ပေ။ သမ္မတကြီး မှာကြားသကဲ့သို့ ရေခြား၊ မြေခြားဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမည်။ အပြန်အလှန် ကူးလူးယှက်နွယ်နေစေရမည်။ ယင်းကဲ့သို့ အရေးကြီးဆုံးဖြစ်သော နယ်စပ်ဒေသ လမ်း၊တံတားကဏ္ဍအတွက် နိုင်ငံတော်အနေဖြင့် ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်ထိ ငွေကျပ်သန်းပေါင်း ၂၁၁၅၃၂ သန်းကျော် သုံးစွဲခဲ့ပြီး မြေလမ်း ၄၄၇၉ မိုင်၊ ကျောက်ခင်းလမ်း ၃၂၀၂ မိုင်၊ ကတ္တရာလမ်း ၄၇၆ မိုင်၊ တံတားကြီး ၁၁၉ စင်း၊ တံတားငယ် ၁၅၆၃ စင်းနှင့် ကြိုးတံတား ၆၆ စင်းတို့ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ မူလရှိပြီး လမ်းမိုင် ၃၅၉၀ ကိုလည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အဓိကကျသည့် လမ်းများကို ကတ္တရာခင်းခြင်း၊ လိုအပ်သည့် နေရာဒေသများတွင် လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသများတွင် ဆယ်စုနှစ်ပေါင်းများစွာ ပညာသင်ကြားမှုနှင့် အလှမ်းဝေးခဲ့ရသဖြင့် နတလလုပ်ငန်းများ စလျှင်စချင်း ပညာရေးကို ဦးစားပေးလုပ်ငန်းကြီးတစ်ခုအဖြစ် အလေးထားဆောင်ရွက်ပေးခဲ့သည်။ အခြေခံပညာမူလတန်းကျောင်းများ စတင်ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ပေးခြင်းနှင့် ဒေသခံများကို ဦးစားပေးခန့်ထားပေးခြင်း၊ နိုင်ငံတော်အထူးထောက်ပံ့ငွေများ ခံစားစေခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသ ဆရာ ဆရာမများသည် စာပေသင်ကြားရေးအတွက်သာမက ဒေသခံတိုင်းရင်းသားများ လူမှုရေးရာ အသိပေးပညာများ တိုးပွားလာရေး၊ နိုင်ငံတော်က ထားရှိသော စေတနာကို ပြက်ပြက်ထင်ထင် သိရှိလာစေရေးတို့အတွက် ပေါင်းကူးများ ဖြစ်လာခဲ့ကြသည်။

နယ်စပ်ဒေသများတွင် ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း၉၂ ကျောင်း၊ အထက်တန်းကျောင်း ၉၄ ကျောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ကျောင်းပေါင်း ၈၉၂ ကျောင်း ဆောက်လုပ်ပေးကာ ၉၅၃ ကျောင်း ပြုပြင်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်ထားရှိကာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၌ မူလတန်းကျောင်းသား ၁၄၀၊ အလယ်တန်းကျောင်းသား ၁၈၂၉ ဦး၊ အထက်တန်းကျောင်းသား ၁၁၇၈ ဦး စုစုပေါင်း ၃၁၄၇ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုမှ ဝိဇ္ဇာ၊ သိပ္ပံနှင့် AGTI (ဒီပလိုမာ) ဘွဲ့ရ လူငယ် ၁၅၁၃ ဦး မွေးထုတ်၍ ဝန်ကြီးဌာနအသီးသီး၌ တာဝန်ပေးအပ်ကာ မိမိတို့ ဇာတိမြို့ရွာဒေသများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ထမ်းရွက်နေကြပြီဖြစ်သည်။ ၎င်းပြင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ မဟာဘွဲ့ရရှိသူ ၁၂၅ ဦး မွေးထုတ်ပေး၍ မဟာတန်း ၁၆၄ ဦး၊ ပါရဂူဘွဲ့သင်တန်း ခုနစ်ဦး တက်ရောက်လျက်ရှိသည်။ ဒီဂရီကောလိပ်နှစ်ခု၌ တက်ရောက်ဆဲကျောင်းသား ၁၀၇၃ ဦးဖြစ်သည်။

နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသူလေးများအတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူစုစုပေါင်း ၃၈၄၈၉ ဦး သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။ အလားတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကို လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားနှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့များ၌ ဖွင့်လှစ်၍ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် သက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာသင်ယူခွင့်ဆုံးရှုံးခဲ့ကြသော နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူများအတွက် အသုံးလုံးသင်တန်းများကို ၁၉၉၆ ခုနှစ်မှစတင်၍ နယ်စပ်ဒေသအသီးသီးတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ရာ ၁၉၉၆ ခုနှစ်တွင် ၁၁၂၄ ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၀၅၁၀၊ ၂၀၀၁ခုနှစ်တွင် ၇၅၁၂ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၉၇၇၂ ဦး၊ ၂၀၀၃ ခုနှစ်တွင် ၂၉၆၁ ဦး၊ ၂၀၀၄ ခုနှစ်တွင် ၂၅၁၂ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၁၆၆၈၁ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၄၄၄၇ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၆၆၂၆ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၃၅၅၄၅ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၄၃၆၄၄ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၁၇၅၈၆၁ ဦး စုစုပေါင်း ၃၂၇၁၉၅ ဦး သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတော်အတန် ခရီးပေါက်နေပြီဟု ဆိုနိုင်ပါသည်။ ဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၂ ခုတို့ ဖွင့်လှစ်ပေးပြီး အထူးဒေသကြီးများမှ ခုတင် ၂၀၀ ဆေးရုံကြီးများနှင့် ချိတ်ဆက်ကာ ကုသစောင့်ရှောက်ပေးလျက်ရှိသည်။ ယခင်က နယ်စပ်ဒေသများတွင် ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်းရှစ်ခုသာရှိခဲ့၍ ကျန်းမာရေးဗဟုသုတ၊ ကျန်းမာရေးအသိများ နည်းပါးခဲ့ကြသည်မှာ အမှန်ပင်။ ရွှေသွားစိုက်ချင်၍ သွားအကောင်းကြီးကို အတင်းနုတ်ပစ်ခိုင်းသူများ၊ ရောဂါကျွမ်းပြီး အချိန်လွန်မှ ရောက်လာကာ အပ်လည်းစိုက်၊ အသက်လည်းပျောက်ဖြစ်သွား၍ ဆရာဝန်ကို ရန်ပြုကြသူများ၊ နယ်မြေလူထုနှင့် တစ်သားတည်းဖြစ်လို၍ လူနာသေဆုံးသွားလျှင် ပေါက်ပြားထမ်းပြီး အသုဘလိုက်ပို့သော ဆရာဝန်၊ ဆရာမများ၊ သူတစ်ပါးအသက်ပေါင်းများစွာကို ကယ်တင်ကုသပေးပြီး ကိုယ်ဖြစ်သောအခါ ကုပေးမည့်သူမရှိ၍ အသက်ဆုံးရှုံးသွားသော ဆရာဝန်၊ ဆရာမများကို ကြုံဖူးတွေ့ဖူးခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်း

စိုက်ပျိုးရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၆၃ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ် သီးနှံများနှင့် စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်၍ ၁၀ နှစ်စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(အမ်း)ဒေသ၊ မကွေးတိုင်းဒေသကြီး ကျောက်ထုဒေသနှင့် နေပြည်တော် ဆိပ်ဖူးတောင်ဒေသများတွင် ၃၁၆၉၁ ဧက ဖော်ထုတ်ပေးပြီးဖြစ်ပါသည်။

စွမ်းအင်လုပ်ငန်း

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၅၁ မြို့တွင် အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၂၀၇ ခုတွင်လည်း မီးစက် ၂၇၆ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ဆက်သွယ်ရေးလုပ်ငန်း

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် စာတိုက် ၅၄ ခု၊ ကြေးနန်းရုံး ၄၇ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၆ ခု တို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်ခဲ့ပါသည်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်း

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၃ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

သစ်တောလုပ်ငန်း

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက် လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သာသနာရေးလုပ်ငန်း

သာသနာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စေတီ ၅၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၈၉ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၅ တိုက်၊ အခြားသာသနိက အဆောက်အအုံ ၆၆ ခု တို့ကို အသစ်တည်ဆောက်ပေးခဲ့ပြီး သာသနိက အဆောက်အအုံဟောင်း ၄၇ ခုတို့ကို ပြုပြင်ထိန်းသိမ်းခဲ့ပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေး

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက် ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **"နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဆိုသည့် ရည်ရွယ်ချက် တစ်ရပ်လည်း ပါရှိပေရာ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သုံးစွဲပြီးငွေကြေးပမာဏ

နယ်စပ်ဒေသများတွင် လူမှုစီးပွားရေးအခြေခံကောင်းများ ရရှိစေရန် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၁၄၅၄၅၄ သန်း၊ ဝန်ကြီးဌာန အသီးသီးက ငွေကျပ် သန်း ၂၅၁၉၉၀ စုစုပေါင်း ငွေကျပ် ၃၉၇ ဘီလီယံကျော် သုံးစွဲ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

နယ်စပ်ဒေသအချို့တွင် ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် နိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ဆိုးများကို သင်ခန်းစာယူ၍ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များအစား စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ပြည့်ဝလာအောင် အားပေးနိုင်သည့်လုပ်ငန်းများမှ ယနေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရက ထားရှိသည့် စေတနာ၊ မူဝါဒနှင့် ရည်မှန်းချက်များအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက ယုံကြည်စိတ်ချအားကိုးလာသည်နှင့်အမျှ ပိုမိုလက်တွဲ ပူးပေါင်းဆောင်ရွက်လာကြမည်ဖြစ်သည်။

သို့ဖြစ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ပေးသော လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်စပ်ဒေသနှင့် ပတ်သက်သည့် တာဝန်ရှိဌာနများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ရန်

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၂

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနတို့ ပူးပေါင်းစီစဉ်၍ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည့် သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သစ်တော သစ်ပင်ထိန်းသိမ်းရေး၊ လေထုနှင့်ရေထု ညစ်ညမ်းမှုလျှော့ချရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီစေရန် မူဝါဒတစ်ရပ်ချမှတ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သဘာဝသစ်တောသယံဇာတများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အကျိုးကျေးဇူး

ဆက်လက်၍ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း (United Framework Convention on Climate Change UNFCCC)ကို ၁၉၉၂ ခုနှစ် ဇွန် ၂ ရက်တွင် လည်းကောင်း၊ ကျိုတိုသဘောတူညီချက် (Kyoto Protocol)ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သစ်တော ပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း လုပ်ငန်းစဉ်များဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ရေးဆွဲဖော်ထုတ်နိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ခြင်း၊ ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းကိုးစောင် ဖတ်ကြားမည်ဖြစ်ပြီး မေ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၁၂

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီတို့၏ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အရေးကြီး

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကား ပြောကြားရာတွင် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ရမည့် လုပ်ငန်း၊ ပုဂ္ဂလိကများ ဆောင်ရွက်ရမည့်လုပ်ငန်းတို့ရှိပြီး ၄င်းလုပ်ငန်းများ အောင်မြင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း။

ဆောင်ရွက်သွား

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် **စက်မှုဇုန်များအနေဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် အပေါ့စားစက်မှုလုပ်ငန်းများ (Light Industry)၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ (Import Substitute Industry)၊ ပို့ကုန် တင်ပို့ရန် ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ (Export Oriented Industry) နှင့် အရင်းအနှီးနည်းနည်း၊ စက်ကိရိယာ နည်းနည်းနှင့် လူ၏ လုပ်အားကို အဓိကသုံးသည့် စက်မှုလုပ်ငန်းများ (Labour Intensive Industry)** သည် မိမိနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အများဆုံး အထောက်အကူပြုမည့် စက်မှုလုပ်ငန်းများဖြစ်၍ ၄င်းလုပ်ငန်းများကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အရေးကြီးကြောင်း။

စစ်ဆေးကြပ်မတ်

စက်မှုဇုန်များရှိ စက်ရုံများ အနေဖြင့် အရွယ်အစားမရွေး **Clean, Green Tech Factories များ အသွင်ဖြင့်လည်းကောင်း၊ Energy Conservation , Energy Saving** လုပ်ငန်းများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းရမည်ဆိုသော အမြင်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီး စက်ရုံများကိုလည်း စစ်ဆေးကြပ်မတ်ပေးသွားရန်လိုအပ်ကြောင်း။

ရှင်းလင်းပြောကြား

စက်မှုဇုန်များအနေဖြင့် လက်ရှိအခြေအနေတွင် **အမြတ်အစွန်းရရှိရေးကို ရှေးရှုပြီး နည်းပညာရရှိခြင်းမရှိဘဲ ပြည်ပကို မှီခို၍ ထုတ်လုပ်နေသော မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများအစား** စားသောက်ကုန် ထုတ်လုပ်မှု၊ ဓာတုဗေဒဆိုင်ရာပစ္စည်းထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနှင့် သွင်းကုန်အစားထိုး လုပ်ငန်းများကို ဈေးကွက်လိုအပ်ချက်နှင့် အညီ ထုတ်လုပ်နိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှရှေးရှု၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ **မော်တော်ယာဉ်ထုတ်လုပ်မှုများကို စက်မှုဇုန်ထုတ် ပီပီပြင်ပြင်ဖြစ်စေရန်** အထူးအလေးပေးသွားရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မေးမြန်း

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများက သိရှိလိုသည့်ကိစ္စရပ်များကို မေးမြန်းပြီး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီတို့၏ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၀ လမ်းထိပ် မဟာဗန္ဓုလလမ်း အမှတ် ၈၂၃ နေ ဒေါ်မြင့်မြင့်လှိုင် မိသားစုက အနန္တကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော အဖ ဦးအကီး၊ မိခင် ဒေါ်ညွန့်ရွှေ နှင့် အစ်ကို ဦးလှရွှေ တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်ဌေးဌေးဆွေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အချို့ (၂၄)နာရီဖွင့်လှစ်ရောင်းချပေး

သတင်းမှတ်စု - ကိုကြီးသာ

ရန်ကုန် မေ ၁၂

နိုင်ငံတော်အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခဲ့သော ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့သည် ဧပြီလအတွင်းမှ စတင်၍ ၂၄ နာရီ ဖွင့်လှစ်လာကြောင်း ကောင်းဇော်ဟိန်း စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၀၁) မှ သိရသည်။

ပုဂ္ဂလိကစက်သုံးဆီဆိုင်များသည် ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်နှုန်း၊ ဒီဇယ်တစ်ဂါလန် ၄၂၀၀ ကျပ်နှင့် အောက်တိန်းတစ်ဂါလန် ၄၂၀၀ ကျပ်အထိ ရောင်းချပေးနေပြီး ဓာတ်ဆီကို နေ့စဉ်ရောင်းချပေးနိုင်မည့် ပမာဏပေါ်မူတည်၍ ဆီဝယ်စာအုပ်ဖြင့် မော်တော်ယာဉ်တစ်စီးလျှင် တစ်နေ့ နှစ်ဂါလန်နှုန်းဖြင့် ရောင်းချပေးကာ ကြိုတင်ဝယ်ယူလိုသူများအတွက် အများဆုံး လေးရက်စာအထိ ကြိုတင်ရောင်းချပေးလျက်ရှိသည်။ ဒီဇယ်နှင့် အောက်တိန်းကိုမူ လိုအပ်သလောက် ရောင်းချပေးသည်။

ဖွင့်လှစ်

စက်သုံးဆီ အရောင်းဆိုင်အများစုသည် ပုံမှန်အားဖြင့် နံနက် ၆ နာရီမှ ညပိုင်းအထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ညနေ ၄ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့သည် တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာအခြေအနေနှင့် ဒေသတွင်းအခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် တရုတ်-မြန်မာတပ်မတော် နှစ်ရပ်အကြား သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်၍ လက်မှတ်ရေးထိုးကြပြီး တပ်မတော်အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၁၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၃ ရက်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ တရုတ်တပ်မတော် အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပါရာယန သုတ္တန်** တရားတော် (အပိုင်း-၂) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၀)
၈:၅၀	ဖောင်ကြီး အထက၏ မြင့်မြတ်ပေစွ ဆရာဘဝ
၉:၀၀	Activities in the City [ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၉:၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉:၃၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း -၃)
၉:၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ပန်းလှိုင်ဆေးရုံ၏ အရိုးအကြောကုသမှုများ)
၁၀:၃၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဘုတ်ဘုတ်ရဲ့ ပွဲတက်ဝတ်စုံများ)
၁၀:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဂျေညီညီ နှင့်တွေ့ဆုံခြင်း)
၁၁:၃၅	MRTV -4 ကာတွန်းအစီအစဉ်
၁၂:၀၀	သဒ္ဒါကြည်ဖြူကုသိုလ်ယူ ဘီတွတ်ရွာမှမြတ်သောအလှူ
၁၂:၃၀	တေးသံဝေစီ ငွေဆောင်ကမ်းခြေဆီ
၁:၀၀	**ပါရာယန သုတ္တန်** တရားတော် (အပိုင်း-၂) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၂)
၄:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၀)
၅:၁၀	Activities in the City -မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ - ၂၀၁၁ -(မိခင်တိုင်းရင်းဆေး) - SONY Days Promotion
၅:၄၅	ရွှေပြည်နန်းကလေးသရုပ်ဆောင် ပြိုင်ပွဲနောက်ဆုံးအဆင့်အတွက် ကြိုတင်ပြင်ဆင်မှုများ
၆:၀၀	MRTV-4 သတင်း
၆:၂၀	**မိုးဇက်** ဒီနေ့နဲ့ မနက်ဖြန်
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၃)
၇:၁၅	The Champion of Dance
၇:၅၀	ရန်ကုန်မြင်ကွင်းကျယ် (ပိုးမွှားနှိမ်နင်းရေးပစ္စည်းသစ်များ မိတ်ဆက်ခြင်းနှင့် ဟောပြောပွဲ)
၈:၀၀	MRTV-4 သတင်း
၈:၃၀	မိုးကုတ်မြို့ရဲ့ ရှေးမူမပျက်တဲ့ ရိုးရာရှင်ပြုအလှူပွဲမင်္ဂလာ
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၁)
၁၀:၂၀	VJ Choice
၁၀:၄၅	**တန်ဖိုး** မင်းသူ၊ ရဲသီဟကို၊ သီတာသိမ့်၊ ဇွန်ခြူးအိမ်၊ အကယ်ဒမီဇော်ဦး (ဒါရိုက်တာ-အကယ်ဒမီ မောင်တင်ဦး)
၁၂:၁၀	World of Knowledge (Mega Structures Shamghai Super Tower)
၁:၀၀	သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာတိုင်းရင်းဆေးပညာ
၁:၁၅	လှေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁:၃၅	အလှပန်းတစ်ပွင့်ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
၁:၅၅	Celebrity Profile (Justin Timberlake)
၂:၃၀	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၂:၅၀	နည်းပညာအစွမ်းထက် Solar Hut
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ဒို့တိုင်းဌာနီဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
၄:၃၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄:၅၀	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာအုပ်စာပေ လှူမိတ်ဆွေ

ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး မေ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ တိုင်းရင်းဆေးရုံအုပ်၊ တိုင်းရင်းဆေးဝါးစက်ရုံမှူး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (ဝ၅၂)

မူဆယ်နှင့် တာချီလိတ်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာပါက ဟိုတယ်လုပ်ငန်းပါ ဖွံ့ဖြိုးလာမည်

နေပြည်တော် မေ ၁၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ နယ်စပ်ဒေသ ဝင်ပေါက်များဖြစ်သည့် မူဆယ်နှင့် တာချီလိတ်ဒေသများရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာနယ်မြေဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဝင်ပေါက်များအနက် အဓိကကျသည့် မူဆယ်နှင့် တာချီလိတ်ဒေသ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာပါက ဟိုတယ်လုပ်ငန်းပါ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေရသည့် အခြေအနေမှန်နှင့် သတင်းအချက်အလက်များကို သိရှိလိုကြောင်း၊ သို့မှသာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမှန်လိုအပ်ချက်များကို လျင်လျင်မြန်မြန် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာအောင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မူဆယ်ဒေသ Star ခရီးသွားလုပ်ငန်းကုမ္ပဏီ၊ တာချီလိတ်ဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ရွှေတြိဂံဇုန်နှင့် Allure ဟိုတယ်တို့မှ လုပ်ငန်းရှင်များက ဒေသအလိုက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၂ ရက်က ရန်ကုန်မြို့ Inya Lake Hotel ၌ကျင်းပသည့် အစ္စရေးနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံကြရာတွင် ဗီယက်နမ်နှင့်မြန်မာ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းပို့ဆောင်ရေးအခန်းကဏ္ဍအား အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လေကြောင်းပို့ဆောင်ရေးကဏ္ဍ နှစ်ဦးသဘောတူ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးနှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နယ်စပ်ဒေသ ဝင်ပေါက်များဖြစ်သည့် မူဆယ်နှင့် တာချီလိတ်ဒေသများရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ

ရန်ကုန် မေ ၁၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ ၁၂-၅-၂၀၁၁

ချောက်မြို့	၄၃	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါမြို့	၄၀	ဒီဂရီစင်တီဂရိတ်

SSA (ရှုက်ဆစ်) သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် မေ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နေ ရှမ်းတိုင်းရင်းသား စိုင်းအုန်းမြိုင် အသက်(၂၈)နှစ်သည် ကျိုင်းတောင်မြို့သို့ နာရေးကိစ္စဖြင့် သွားရောက်ပြီးအပြန် မေ ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကျိုင်းတောင်း - မိုင်းပန်ကားလမ်း ၁၉ မိုင် ၄ ဖာလုံရှိ တံတားသို့ ရောက်ရှိရာ တံတားပေါ်၌ သစ်ပင်လဲကျပိတ်ဆို့နေသဖြင့် ဆိုင်ကယ်ကို တွန်း၍ လမ်းဘေးမှသွားစဉ် SSA (ရှုက်ဆစ်) သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ၎င်းနေရာ၌ပင် သေဆုံးခဲ့ကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Yangon Expo 2011 ကုန်စည်ပြပွဲတွင် လျှပ်စစ်ပစ္စည်းများ ပါဝင်ပြသမည်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် မေလ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် Yangon Expo 2011 ကုန်စည်ပြပွဲ၌ KHIND တံဆိပ် အပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချပေးမည်

မလေးရှားနိုင်ငံတွင် ၄၅ နှစ်ကျော် အတွေ့အကြုံရှိသည့် KHIND စက်ရုံကြီးမှ ထုတ်လုပ်သော ငါးနှစ် အာမခံပါရှိသည့် KHIND တံဆိပ် ပန်ကာမျိုးစုံနှင့် အခြားလျှပ်စစ်ပစ္စည်းများကို အထူးချိုသာသော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ပြီး အဆိုပါပစ္စည်းများကို ရန်ကုန်မြို့ရှိ စိန်ဂေဟာ၊Capital၊ United Living Mall၊ Super One အစရှိသည့် ဆိုင်ကြီးများအပြင် မြန်မာပြည်တစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်များ၊ MACO Electronic (KHIND Digital World) Showroom အမှတ် ၂၀၄ (မြေညီထပ်) စက်ရုံလမ်း (MOB ဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန် ဖုန်း- ၀၁-၂၀၅၁၃၀၊ ၀၁-၉၀၀၀၀၀၇နှင့် အမှတ်(၁၃၄) ၂၆ လမ်း (၈၃× ၈၄)လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၇၂၀၊ ၀၉-၇၃၀၅၀၀၁၃ တို့တွင်လည်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်း

ယာဉ်မောင်းသူ အိပ်ငိုက်၊ ကျပ်ငါးသိန်းဖိုး ဆုံးရှုံး

ဖြူး မေ ၁၂

ဖြူးမြို့ တားကြားရပ် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်၌ မေ ၁၁ ရက်က ကုန်တင်ယာဉ် မောင်းနှင်သည့် ယာဉ်မောင်း အိပ်ငိုက်သဖြင့် မော်တော်ယာဉ်မှာ လမ်းဘေးသို့ တိမ်းမှောက်သွားရာ ကျပ် ငါးသိန်းတန် ကားရှေ့မှန်ကြီး ကွဲအက်သွားခဲ့သည်။

တိမ်းမှောက်

ဖြစ်စဉ်မှာ မေ ၁၁ ရက် နံနက် ၆ နာရီခွဲက ဖြူးမြို့ ရဲစခန်း တောင်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ ဖြူးမြို့နယ် ရဲစခန်းမှ ဒုတိယရဲအုပ် ဝင်းသူရအောင်နှင့် အဖွဲ့ သွားရောက်စစ်ဆေးရာ ရန်ကုန်မှ နေပြည်တော်ပျဉ်းမနားသို့ ကုန်မျိုးစုံတင်ဆောင်၍ ယာဉ်မောင်း အောင်နိုင်ဝင်း မောင်းနှင်လာသည့် ၉ခ/---နီဆန်းဒီဇယ် ၁၀ ဘီးယာဉ်မှာ လမ်းအရှေ့ဘက် မြောင်းထဲသို့ ထိုးကျ တိမ်းမှောက်နေကြောင်း တွေ့ရသည်။

မြင်းမူ မေ ၁၂

မေ ၉ ရက် ည ၈ နာရီအချိန်ခန့်က မြင်းမူမြို့နယ် ဝွေးပင်တောကျေးရွာအနီး ကားလမ်းမိုင်တိုင်အမှတ် ၅၈/၅ တွင် မုံရွာဘက်မှ

ဆောင်ရွက်

ယာဉ်တိမ်းမှောက်ခြင်းကြောင့် လူထိခိုက်မှုမရှိဘဲ ကားရှေ့မှန်ကွဲအက်သွားသဖြင့် တန်ဖိုး ကျပ်ငါးသိန်းဖိုး ဆုံးရှုံးသွားပြီး အမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ယာဉ်မောင်းများ အနေဖြင့် အိပ်ငိုက်လျှင် ယာဉ်မမောင်းသင့်ကြောင်း သတိပေးသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ပါသည်။ (၁၁၃)

မြင်းမူ၌ ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ

စစ်ကိုင်းဘက်သို့ တောင်ဥက္ကလာပမြို့နယ်နေသူ ယာဉ်မောင်း ဝင်းကျော် (ဘ-ဦးတလုတ်) (၃၂) နှစ် မောင်းနှင်လာသော စိန်ငွေးလှိုင် ယာဉ်လိုင်းမှ ၆ခ/---ဖြူပြာကြား Express ယာဉ်နှင့် စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ မုံရွာမြို့နေသူ ယာဉ်မောင်း မျိုးကျော် (ဘ-ဦးကျော်မြင့်) (၃၂)နှစ် မောင်းနှင်လာသော ယာဉ်နံပါတ် ၈င/---- လိုက်ထရပ် မီးခိုးပြာရောင်ကားတို့ မျက်နှာချင်းဆိုင် တိုက်မိသဖြင့် အိုးဘိုတောင်မြို့သစ် မုံရွာမြို့နေသူများဖြစ်ကြသည့် မမြတ်ဖူးပွင့် (ဘ-ဦးမျိုးကျော်) ငါးနှစ်၊ မရွှေရတီ (ဘ-ဦးမျိုးကျော်) ၁ နှစ် ၆ လ နှင့် မငွေးငွေးမော် (ဘ-ဦးပြူးမောင်) အသက် ၃၀ မှီခိုတို့ ဒဏ်ရာရရှိခဲ့ကြသည်။

အရေးယူ

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ် မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်း ဝင်းကျော် (ဘ-ဦးတလုတ်)နှင့် ယာဉ်မောင်း မျိုးကျော် (ဘ-ဦးကျော်မြင့်)တို့အား မြင်းမူရဲစခန်းက အရေးယူထားကြောင်း သိရသည်။ (၀၇၉)

နိုင်ငံတကာ အာကာသသိပ္ပံ နိုင်ငံတကာ အာကာသသိပ္ပံ နိုင်ငံတကာ အာကာသသိပ္ပံ

ဂြိုဟ်ကြီးလေးလုံး တစ်တန်းတည်းတွေ့ရမည်

မြင့်မောင်စိုး
စုစည်းသည်

လန်ဒန် မေ ၁၂

နေစကြဝဠာအတွင်းရှိ တောက်ပသောဂြိုဟ်ကြီးလေးလုံးသည် ယခုမေလကုန်အတွင်း နံနက်မိုးသောက်အရုဏ်မကျင်းမီ ကောင်းကင်ယံ၌ တစ်တန်းတည်း ကျရောက်လိမ့်မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် နက္ခတ်တာရာထိပ်သီး အစည်းအဝေးတွင် သိပ္ပံပညာရှင်များက ပြောကြားသည်။ **(အောက်ပုံ)**

ပြီးခဲ့သည့် မေ ၁၁ ရက်(ဗုဒ္ဓဟူးနေ့ ညပိုင်း)ကလည်း မာကျူရီ၊ ဗီးနပ်(စ်) နှင့် ဂျူပီတာဂြိုဟ်ကြီးများသည် တစ်လုံးနှင့်တစ်လုံး ၂ ဒသမ ၀၅ ဒီဂရီအတွင်း တစ်တန်းတည်း ကျရောက်ခဲ့ပြီးဖြစ်သည်။

တစ်တန်းတည်းကျရောက်

မေလကုန်ပိုင်း၌ မာကျူရီ၊ ဗီးနပ်(စ်)၊ မားစ်နှင့်ဂျူပီတာတို့သည် တစ်တန်းတည်း ကျရောက်နေချိန်တွင် လခြမ်းလေးသည်လည်း မှေးမှိန်စွာဖြင့် တစ်တန်းတည်း ကျရောက်လျက်တွေ့ရမည်ဖြစ်သည်။

ဂြိုဟ်သုံးလုံးမှာ နှစ်ကြိမ်တိုင် တစ်တန်းတည်း ကျရောက်နိုင်ကြောင်း၊ မာကျူရီ၊ ဗီးနပ်စ်နှင့် ဂျူပီတာတို့မှာ တစ်လုံးနှင့်တစ်လုံး မေ ၁၁ရက်က တစ်တန်းတည်းကျရောက်ခဲ့ပြီးဖြစ်ကြောင်း၊ နောက် ၁၀ ရက်အကြာတွင် မာကျူရီ၊ ဗီးနပ်(စ်)နှင့် မား(စ်) ဂြိုဟ်ကြီး သုံးလုံးတို့သည် ၂ ဒသမ ၁၃ ဒီဂရီ စက်ဝိုင်းအတွင်း တစ်တန်းတည်း တွေ့ရလိမ့်မည် ဖြစ်ကြောင်း ဘယ်လ်ဂျီယံ နက္ခတ္တဗေဒပညာရှင် ဂျင်းစ်ဗီယပ်စ်က ပြောကြားသည်။

မေ ၂၉၊ ၃၀ နှင့် ၃၁ ရက်များတွင်မူ ဂြိုဟ်ကြီးလေးလုံးဖြစ်သည့် ဂျူပီတာ၊ မား(စ်)၊ ဗီးနပ်(စ်)နှင့် မာကျူရီဂြိုဟ်များကို နံနက်အရုဏ်လာချိန်၌ တစ်တန်းတည်း တွေ့ရမည်ဖြစ်ကြောင်း နက္ခတ္တဗေဒပညာရှင်များက ထပ်မံပြောကြားသည်။



ကြိုတင်ဟောကိန်းထုတ်

ထိုသို့ ဂြိုဟ်ကြီးများ တစ်တန်းတည်းကျရောက်ခြင်းနှင့် စပ်လျဉ်းပြီး ရှေးခေတ်နက္ခတ်ပညာရှင်များက ကမ္ဘာကြီး၌ ထူးခြားသည့် ဖြစ်ရပ်များ ဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့ကြသည်ဟု ဆို၏။

ယနေ့ခေတ်သိပ္ပံပညာရှင်တို့ကမူ နေ၊ လ၊ မာကျူရီ၊ ဗီးနပ်(စ်)၊ မား(စ်)၊ ဂျူပီတာနှင့် စေတန်ဂြိုဟ်တို့အနက် တစ်ခါတစ်ရံ နှစ်လုံး (သို့မဟုတ်) သုံးလုံး (သို့မဟုတ်) လေးလုံးစသည်ဖြင့် တစ်တန်းတည်းကျမှုကြောင့် ဖြစ်ပေါ်နိုင်သော ကမ္ဘာမြေ၊ ရေတို့၏ မျက်နှာပြင်ပေါ် ဆွဲအားများနှင့် စပ်လျဉ်း၍ စူးစမ်းလေ့လာခြင်းများ ပြုလုပ်လေ့ရှိကြသည်။

ဂြိုဟ်လေးလုံး တန်းမည့်ဖြစ်စဉ်ကို ကောင်းစွာမြင်တွေ့ရနိုင်သော နိုင်ငံများမှာ တောင်အာဖရိကနိုင်ငံများ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ထိုဖြစ်ရပ်ဆန်းသည် နက္ခတ်လေ့လာကြသူများအဖို့ ကြုံတောင့်ကြုံခဲ အခွင့်အရေးပင်ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာအားကစား

စပိန်လာလီဂါ ချန်ပီယံဆုဖလား ဘာစီလိုနာ သုံးနှစ်ဆက်တိုက်ဆွတ်ခူး

မက်ဒရစ် မေ ၁၂

စပိန်လာလီဂါပွဲစဉ်(၃၆) ဘောလုံးပြိုင်ပွဲများကို မေ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက လီဗန်တေးအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီးနောက် သုံးနှစ်ဆက်တိုက် စပိန်လာလီဂါချန်ပီယံဆုကို ဆွတ်ခူးသွားပြီဖြစ်သည်။ (အပေါ်ပုံ)

ဘာစီလိုနာအသင်းသည် လက်ကျန်ပွဲကစားရန် နှစ်ပွဲကျန်သေးသည်။ ဘာစီလိုနာအသင်းသည် ယင်းဖလားကိုဆွတ်ခူးနိုင်ခြင်းမှာ ၂၁ လုံးမြောက် ပြည်တွင်းလိဂ်ဖလားဖြစ်သည်။

ဖလားဆွတ်ခူး

ဘာစီလိုနာအသင်း ယခုကဲ့သို့ သုံးနှစ် ဆက်တိုက်ဗိုလ်စွဲနိုင်မှုမှာ ၁၉၉၃ ခုနှစ် နောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်သည်။ နည်းပြ ဂျိုဟန် ခရိုက်ထက်တွင် ၁၉၉၃ခုနှစ် မတိုင်မီက ဘာစီလိုနာတို့ လေးနှစ်ဆက်တိုက်အထိ စပိန်လာလီဂါဖလား ဆွတ်ခူးခဲ့ဖူးသည်။

ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် မာလီကွင်းလယ်ကစားသမား ဆေဒိုကီတာက ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ လီဗန်တေးအတွက် ချေပဂိုးကို အီကွေဒေါတိုက်စစ်မှူး ဖီးလစ်ကိုင်စီဒိုက မိနစ် ၄၀ တွင် သွင်းယူခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ကင်တေဟီး

ဆိုးလ် မေ ၁၂

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ကင်တေဟီး (အပေါ်ပုံ)သည် ဂျပန်နိုင်ငံ၌ အနုပညာလုပ်ငန်းများ လုပ်ကိုင်ရန် ရောက်ရှိနေပြီး ဂျပန်နိုင်ငံရှိအနုပညာဆိုင်ရာ အေဂျင်စီတစ်ခုနှင့် ဇာတ်ကားရိုက်ကူးရန် စာချုပ် ချုပ်လိုက်ပြီဖြစ်သည်။

ပြောကြား

ဂျပန်ဒရာမာနှင့် ရုပ်ရှင်များကို မိမိသဘောကျကြောင်း၊ ဂျပန်အနုပညာ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကြိုးစားနေကြောင်း ကင်တေဟီးက ပြောကြားသည်။

ပြသ

ယခုနှစ် အစောပိုင်းက ကင်တေဟီး ပါဝင်သရုပ်ဆောင်ထားသော အိုင်းရစ်ရုပ်ရှင်ဇာတ်ကားကို ဂျပန်နိုင်ငံတစ်ဝန်း၌ တီဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ပြသခဲ့ရာ ဂျပန်ပရိသတ်များ နှစ်သက်သဘောကျခဲ့သည်။ ကင်တေဟီး ပါဝင်သရုပ်ဆောင်ထားသည့် Grand Prix အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို တောင်ကိုရီးယား၌ ပြသခဲ့သည်။

ဆုများရရှိခဲ့

အသက် ၃၁နှစ်အရွယ်ရှိ ကင်တေဟီးသည် ဆိုးလ်အမျိုးသား တက္ကသိုလ်မှ ဖက်ရှင်နှင့် ဒီဇိုင်းဘာသာဖြင့် ကျောင်းပြီးခဲ့သူဖြစ်သည်။ အသက် ၂၁နှစ်အရွယ်မှ စတင်ကာ ရုပ်ရှင်ရိုက်ကူးခဲ့ပြီး အောင်မြင်မှုအရှိဆုံး ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများမှာ My Princess၊ Iris၊ Love story in Harvard နှင့် Stairway to Heaven တို့ဖြစ်ကြသည်။ တောင်ကိုရီးယား၌ အောင်မြင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးလည်း ဖြစ်သည်။ ကင်တေဟီးတွင် အစ်မတစ်ဦးနှင့် မောင်ငယ်တစ်ဦး ရှိသည်။ မောင်ငယ်ဖြစ်သူ လီဝမ်မှာလည်း သရုပ်ဆောင် တစ်ဦးဖြစ်သည်။ ၂၀၀၃ခုနှစ်၌ အက်စ်ဘီအက်စ် အကောင်းဆုံး မျက်နှာသစ် သရုပ်ဆောင်ဆု၊ ၂၀၀၄ ခုနှစ်၌ ကေဘီအက်စ်၏ အကောင်းဆုံး သရုပ်ဆောင်ဆု၊ ၂၀၀၄ ခုနှစ်၌ Love story in Harvard ရုပ်မြင်သံကြား ဇာတ်လမ်းဖြင့် အက်စ်ဘီအက်စ်မှ ချီးမြှင့်သည့် အကောင်းဆုံး သရုပ်ဆောင်ဆု၊ ၂၀၀၇ ခုနှစ်၌ The Restless ဇာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင်ထူးချွန်ဆု၊ ၂၀၀၉ ခုနှစ်၌ Iris ဇာတ်ကားဖြင့် ရုပ်ရှင်မင်းသား လီဗျောင်ဟွန်းနှင့်အတူ အကောင်းဆုံးသရုပ်ဆောင်မောင်မယ်ဆုနှင့် အကောင်းဆုံးသရုပ်ဆောင်ဆုများရရှိခဲ့သူဖြစ်သည်။

ချောမောလှပ

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ကင်တေဟီးသည် ရုပ်ရည်ချောမောလှပပြီး ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသူဖြစ်ရာ အမျိုးသားမိတ်ဆွေလည်း ပေါများသူတစ်ဦးဖြစ်သည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီး ဘလက်လစ်လီ၏ဘဝပုံရိပ်

လော့စ်အိန်ဂျလိစ် မေ ၁၂

၂၀၁၁ ခုနှစ်၏ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီး ၉၉ ဦးကို အက်မင်းမဂ္ဂဇင်းက စာရင်းထုတ်ပြန်သည့်အခါ အမေရိကန်ရုပ်ရှင်မင်းသမီး ဘလက်လစ်လီက ထိပ်ဆုံး၌ ပါဝင်ပြီး အမေရိကန် ရုပ်ရှင်မင်းသမီး တစ်ဦးဖြစ်သည့် အင်ဂျလီနာဂျိုလီကလည်း ကမ္ဘာ့ဆွဲဆောင်မှုရှိသော အမျိုးသမီးတစ်ဦးအဖြစ် အစဉ်လိုက်ရပ်တည်လျက်ရှိနေသည်။

ပူးတွဲသရုပ်ဆောင်

အသက် ၂၃ နှစ်အရွယ်သာရှိသေးသည့် ဘလက်လစ်လီသည် Gossip Girl ရုပ်ရှင်ဇာတ်ကား၌ အောင်မြင်မှုများရရှိခဲ့ပြီး The Sisterhood Of the Traveling Pants ဇာတ်ကား၌ အလီတစ်ဘလီဒယ်နှင့် ပူးတွဲသရုပ်ဆောင်ခဲ့သည်။

အထူးရရှိ

ထို့နောက် Accepted , Simon Says, Elvis and Anabeele စသည့် ဇာတ်ကားများ ရိုက်ကူးခဲ့သည်။ ၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့သော The Private Lives of Pippa Lee ဇာတ်ကားလည်း အောင်မြင်မှုများ အထူးရရှိခဲ့သည်။

များပြား

ယခု ၂၀၁၁ ခုနှစ်၌ The Town နှင့် The Green Lantem ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ယင်းဇာတ်ကားကို မကြာမီ ရုံတင်ပြသတော့မည်ဖြစ်ရာ ပရိသတ်အားပေးမှုများပြားနိုင်ကြောင်း ရုပ်ရှင်ထုတ်လုပ်သူများက ပြောကြားသည်။

ရုပ်ရှင်မင်းသမီး ဘလက်လစ်လီ**(ယာပုံ)** သည် အထက်တန်း ကျောင်းသားဘဝကပင် သရုပ်ဆောင်မှုကို ဝါသနာပါခဲ့သူ ဖြစ်ပြီး သူမ၏မိဘဖြစ်ကြသည့် ဂျာဆင်အီမီနှင့် အီလာနီတို့သည်လည်း သရုပ်ဆောင်များဖြစ်ကြသည်။

ဘလက်လစ်လီသည် ဟောလိဝုဒ်၌ အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်အနုပညာရှင်တစ်ဦးဖြစ်စေရန် ကြိုးစားလျက်ရှိသည်။ သူမသည် လောလောဆယ်၌ အမေရိကန်ရုပ်ရှင်မင်းသား ရန်ရို့စ်လင်းနှင့် တွဲနေသည်။ **(အင်တာနက်)**

သဖန်းဆိပ်-ကန့်ဘလူ-ငှက်ပျောဒိုင်း မဟာဓာတ်အားလိုင်းတည်ဆောက်နေ

နေပြည်တော် မေ ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း သဖန်းဆိပ် ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ ၃ ဒသမ ၁၅ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ဓာတ်အားလက်ခံကာ ၃၃ ကေဗွီ ဓာတ်အားလိုင်းသုံးလိုင်းဖြင့် ငှက်ပျောဒိုင်းခွဲရုံ ကန့်ဘလူမြို့နယ် ဧရိယာအတွင်းနှင့် ကောလင်းတို့သို့ ဓာတ်အားပို့လွှတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျွန်းလှမြို့နယ် သဖန်းဆိပ် ပင်မဓာတ်အားခွဲရုံ၌ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သဖန်းဆိပ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် ဓာတ်အားကို ၃၃/၁၃၂ကေဗွီ၊ ၄၅ အမ်ဗွီအေ Step Up ထရန်စဖော်မာဖြင့် ဓာတ်အားစနစ်သို့ တိုက်ရိုက်ပို့လွှတ်နိုင်ရေး ၁၃၂ ကေဗွီ သဖန်းဆိပ် ပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် ပစ္စည်းရောက်ရှိမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ၁၃၂ ကေဗွီ သဖန်းဆိပ်- ကန့်ဘလူ-ငှက်ပျောဒိုင်း မဟာဓာတ်အားလိုင်း ၃၃ ဒသမ ၁၃ မိုင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၁၃၂ ကေဗွီ ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ဝဲပုံ)** ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံကို ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံအဖြစ် တိုးချဲ့တည်ဆောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျုံပျော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲ၊ယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေးကို ဧပြီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း **သတင်းမှတ်စု** ၁၂-၅-၂၀၁၁



၇၃ ပေရှည်သည့် ရွေးဟောင်းတစ်လုံးထွင်းကျွန်းလှေကြီး

သတင်းမှတ်စု - ဦးချမ်းသာ

*လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ကျော်က တည်ဆောက်ခဲ့သည့် အလျား ၇၃ ပေရှည်လျားပြီး လူဦးရေ ၄၀ စီးနှင်းလိုက်ပါနိုင်သော တစ်လုံးထွင်း ရှေးဟောင်းလှေကြီး ဝိဇ္ဇာသုန္ဒ(**အပေါ်ပုံ**)ကို မြင်းခြံမြို့ လေးအိမ်တန်းကျေးရွာ ရွှေညောင်ပင်ဘုန်းတော်ကြီး ကျောင်းတိုက်တွင် ပြုပြင်ထိန်းသိမ်းထားရှိကြောင်း သိရသည်။ လေးအိမ်တန်းကျေးရွာသည် မြင်းခြံမြို့ အနောက်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး ဧရာဝတီမြစ်နှင့် နီးကပ်စွာ တည်ရှိသောကြောင့် မြစ်ရေကြီးလွန်းသော နှစ်များတွင် လှေကြီးကိုရေချ၍ လှော်ခတ်စီးနင်းကြသည်ဟု ဆိုသည်။*

ရေချစီး

"မြစ်ရေ မကြီးတာကြာပါပြီ။ ၁၉၆၆ ခုနှစ်နောက်ပိုင်းကတည်းက မြစ်ရေကပြောလောက်အောင် မတက်လာဘူး။ အဲဒီမတိုင်ခင်က နှစ်တွေဆို မြစ်ရေကနှစ်တိုင်းလိုလို တက်လာပြီး ရွာထဲမှာ မြစ်ရေဝင်ရင် လှေတွေနဲ့ သွားလာရတာလေ။ ဝိဇ္ဇာသုန္ဒကြီးကို အဲဒီတုန်းက ရေချပြီး စီးကြတယ်"ဟု ဒေသခံတစ်ဦးက ဆိုသည်။

အဆင့်မြင့်ဘူတာရုံ တည်ဆောက်မည်

သတင်းမှတ်စု - ဥမ္မာသန့်

ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(လှိုင်သာယာ)အနီးတွင် အဆင့်မြင့်ဘူတာရုံတည်ဆောက်ရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်ဘူတာရုံ၏ မြေနေရာပြုပြင်နေမှုများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မော်လမြိုင်၊ ပဲခူး၊ ဂန့်ဂေါ၊ သာစည်နှင့် လှိုင်ကော်ဘူတာရုံများကဲ့သို့ အဆင့်မြင့်ဘူတာအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

ဝရိန်ချောင်းနှင့် ဆက်စပ်ပစ္စည်း မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

YSL Welding ကုမ္ပဏီ၏ Kobelco အမှတ်တံဆိပ် ဝရိန်ချောင်းနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ပွဲနှင့် ဧည့်ခံပွဲကို မေ ၈ရက် ညနေက ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် YSL ကုမ္ပဏီမှ ဒါရိုက်တာ ဦးခင်မောင်ဦးနှင့် Thai- Kobe Welding Co. Ltd. မှ ဥက္ကဋ္ဌ Mr. Ryo Takashina တို့က မိတ်ဆက်စကားများ ပြောကြားသည်။

ကျင်းပ

ဆက်လက်၍ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များက ဧည့်သည်တော်များအား ဖျော်ဖြေဧည့်ခံခဲ့ပြီးနောက် တာဝန်ရှိသူများက ကံစမ်းမဲများ ဖောက်ပေးခြင်း၊ အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းများ ပြုလုပ်ပေးသည်။

ထုတ်လုပ်

Thai-Kobe Welding Co., Ltd. နှင့် Kobe Mig Wire (Thiland) Co., Ltd. တို့သည် ဂျပန်နိုင်ငံမှ Kobe Steel Group လက်အောက်ခံ လုပ်ငန်းစုများဖြစ်ပြီး အရည်အသွေးမြင့်မားသော Kobelco အမှတ်တံဆိပ် welding electrodes and comsumables များကို ခေတ်မီ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

YSL ကုမ္ပဏီသည် Thai-Kobe Welding Co., နှင့် ပူးပေါင်း၍ Kobelco welding electrodes and comsumables သုံးစွဲသည့် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ welder များအကျိုးရှိစေရန်အတွက် welding နည်းပညာ နှီးနှောဖလှယ်ပွဲများ၊ welding ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး အသေးစိတ် သိရှိလိုပါက YSL Welding Supply Ltd. 106, 52လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၂၃၂၄၊ ၇၀၀၇၃၂ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၂

စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်ပန်းတောင်း၌ ဖွင့်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပန်ပင်ကျေးရွာအုပ်စု ပြည်တော်သာကျေးရွာ၌ လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်တိုးနှင့် ရပ်မိရပ်ဖ ဦးလှဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာစာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၂၃ပေ× အနံ ၁၅ ပေ × အမြင့် ၁၂ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကေန်နီကျေးရွာ ပညာတံခွန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူရှိန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒေါ့ပုန်းယန်၌ စာကြည့်တိုက်ဖွင့်

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ် မံပိန်ကျေးရွာအုပ်စု ဂျာအင်ယန်ကျေးရွာတွင် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် မီဒီယာပစ္စည်း၊ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

စာကြည့်တိုက်ကို ဒေါ့ဖုန်းယန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်း၊ ရွှေဝန်ပေါင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဒေါင်ခေါင်းနှင့် ရပ်မိရပ်ဖ ဦးသောင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ EVD စက်တစ်လုံး၊ မီးအားမြှင့်စက်တစ်လုံး၊ မှန်ဗီရိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံးနှင့် စာနယ်ဇင်း စာအုပ်ပေါင်း ၂၅၉ အုပ်နှင့် ငွေပဒေသာပင်အတွက် ငွေကျပ်ရှစ်သောင်းငါးထောင်ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ ညွှန့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်းနှင့် ပြည်ထောင်စုဝန်ကြီးများအား
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် သီးခြားစီသွားရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်းအား မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာ ဘီရှီးပါရာဂျူလီ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံညွှန့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံ

ယင်းနောက် နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သွားရောက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အားလည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ သွားရောက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအားလည်းကောင်း တွေ့ဆုံသည်။

ထို့နောက် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးအား သွားရောက်တွေ့ဆုံသည်။

ပြန်လည်ထွက်ခွာ

မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**